အလုပ်သမားအစည်းအရုံးများအဖွဲ့ချုပ်

ဗမာနိုင်ငံ

The TRADE UNION CONGRESS. (BURMA)

# မှတ်ပုံတင်
# အလုပ်သမား အစည်းအရုံးများ
# စံပြ
# စည်းမျဉ်း ဥပဒေ

အလုပ်သမား အစည်း၊ အရုံးများ၊ အဖွဲ့ချုပ်

( ဗမာနိုင်ငံ )

မှ - ထုတ်ဝေသည်။

# မှတ်ပုံတင်
# အလုပ်သမားအစည်းအရုံးအတွက်
# နမူနာ
# ဥပဒေစည်းမျဉ်းများ။

## အမည်။

၁။ ဤအစည်းအရုံးကို........................................ဟု၊ ခေါ်ဝေါ်ရမည်။

## ရည်ရွယ်ချက်များ။

၂။ ဤအစည်းအရုံး၏ ရည်ရွယ်ချက်များမှာ..............................

(က) ဤ ........................................ အမှုထမ်း လုပ်ငန်း အလုပ်ရုံ ဝမ်းရေးမှုတွင်ပါဝင်လုပ်ကိုင်ကြသော အလုပ် သမားတို့ အကျိုး ထိထိ ရောက်ရောက် စည်းလုံးညီညွတ်မှု ရရှိစေရန်။

(ခ) အလုပ်သမား အလုပ်ရှင်တို့ သင့်မြတ်စွာ ဆက်ဆံမှု, အလုပ်သမား အချင်းချင်း ညီရင်း အစ်ကို သဖွယ်၊ ချစ်ခင်မှု, အလုပ်ခွင်တွင် တာဝန်ကြေပြွန်မှု၊ အလုပ်လုပ်ရာတွင် ယိုင်းပင်း ကူညီမှု, အခဗဗ တို့ကို၊ စေ့ဆော် တိုက်တွန်း ရင့်သန်စေရန်။

(ဂ) တရား ဥပဒေ အုပ်ချုပ်နည်း စည်းမျဉ်းနှင့်

လျော်ညီစွာ အဖွဲ့သား တို့၏ ကောင်းစားရေး အကျိုး ကျေးဇူး ကြီးပွားရာ ကြီးပွား ကြောင်း တိုးတက်ဆောင်ရွက် ကာကွယ် ရစေရန်။

(ဃ) အဖွဲ့တဖွဲ့နှင့်ဖြစ်စေ, တဦးတယောက်နှင့်ဖြစ်စေ စပ်ယှက်၍၊ မိမိတို့ လုပ်ငန်း ကိစ္စ၊ သို့မဟုတ် လုပ်ငန်း စည်းမျဉ်း သဘော တူပြီးကိစ္စ တို့တွင် အကြံဉာဏ် ညွှန်ကြားချက်စီမံ ချက်များရယူရန်။

(င) အလုပ်သမား အရေး၊ အလုပ်သမား အကျိုး ကျေးဇူးတို့ကို ကာကွယ်မှုဥပဒေများ ပြုလုပ်ရန် နှင့်၊ ဥပဒေရှိပြီးပါက အရေးယူဆောင်ရွက်ရရန်။

(စ) အလုပ်သမားတို့၏ ပြည်သူ့အခွင့်အရေး၊ နိုင်ငံ အုပ်ချုပ်မှုပါဝင်ရေးတို့ကို၊တိုးတက်ဆောင်ရွက် နိုင်ရန်နှင့် အထွေထွေ အားဖြင့်၊

(ဆ) အမှုထမ်း-လုပ်ငန်း-အလုပ်ရုံ-ဝမ်းရေးမှုတွင် တိုးတက်ကောင်းမွန်ခိုင်ခံ့တည်တံ့စေရန်စသည် ဖြစ်သည်။

## အစည်းအရုံးဝင်ခြင်း။

၃။ အစည်းအရုံးတွင် သာမန်အဖွဲ့ဝင်အဖြစ်.................. အမှုထမ်း-လုပ်ငန်း-အလုပ်ရုံ-ဝမ်းရေးမှု တွင်၊ ကိုယ် တိုင် ပါဝင် လုပ်ကိုင် ဆောင် ရွက် ပြီး၊ အသက် တဆယ့်ငါးနှစ် ပြည့်မြောက်သူ မည်သူမဆို အမျိုးဘာသာမရွေး တင်သွင်း လျှောက်ထားနိုင်ပါသည်။



၄။ ဂုဏ်ထူးဆောင်၊ သို့မဟုတ် ခေတ္တအဖွဲ့သားတို့အား အလုပ်သမားအစည်းအရုံးများဆိုင်ရာ၊အက်ဥပဒေပုဒ်မ ၂၂ရှိ ချွင်းချက်ကို မကျူးလွန်မူ၍၊ အမှုဆောင် အရာရှိများ အဖြစ် ဆောင်ရွက်ခွင့်ပြုနိုင်သည်။ သို့သော် အသက်တဆယ့်ရှစ်နှစ် ပြည့်မြောက်သူများဖြစ်ရမည်။

၅။ ပူးတွဲပါသတ်မှတ်ထားသော ပုံစံ (က) ဖြင့်အစည်း အရုံးဝင်ရန်အတွက် အစည်းအရုံးအထွေထွေအတွင်းရေးမှူး ထံသို့ လျှောက်လွှာတင်သွင်းရမည်။ ထက်ခံခဲ့ပါမူ-ပူးတွဲပါ ပုံစံ (ခ) အရ သတ်မှတ်ထားသောငွေပြေစာ၊ လက်မှတ်နှင့် ပူးတွဲပါအဖွဲ့ဝင် သက်သေခံစာ ပုံစံ (ဂ) များကို၊ထုတ်ပေး၍ ဝင်ကြေးကောက်ခံရမည်ထိုပြေစာလက်မှတ်များမှာအစည်း အရုံးအဖွဲ့ဝင်တဦးဖြစ်ကြောင်း သက်သေခံဖြစ်ရမည်။

၆။ ဂုဏ်ထူးဆောင်၊ သို့မဟုတ် ခေတ္တအစည်းအရုံးဝင် တို့ကို၊ ဝင်ခွင့်ပြုခြင်း၊ ခန့်အပ်ခြင်း၊ ပြုလိုသော် အထွေထွေ [သင်းသုံးကျုတ်] အစည်းအရုံးအစည်းအဝေးကြီး တခုတွင် ဆုံးဖြတ်ပြီးပြုရမည်၊ သို့သော်-၁၉၂၆-ခုနှစ်၊ ကုန်သွယ်မှု အစည်းအရုံးအက်ဥပဒေပုဒ်မ-၆ (၁) ၂၁ နှင့် ၂၂ နှစ်တွင် ဖေါ်ပြထားသော ချွင်းချက်များနှင့်ညီညွတ်စေရမည်။

၇။ ဂုဏ်ထူးဆောင် သို့မဟုတ် ခေတ္တ အစည်းအရုံး အဖွဲ့ဝင်များမှတပါး၊ မည်သည့် အစည်းအရုံး အဖွဲ့ဝင်မဆို ၏အဖွဲ့ဝင်ဖြစ်ပါလျှက် အခြားအစည်းအရုံးတခု၏ အဖွဲ့ဝင် အဖြစ် ပါဝင်နိုင်ခွင့်မရှိခ။

၈။ အစည်း အရုံး-ရုံးမကြီး တွင်၊ နောက်ဆုံး လက်ရှိ အစည်းအရုံးအဖွဲ့ဝင် ဦးရေစာရင်းကို၊ ပြုလုပ်ထားရှိလျှက်

သာမန်နှင့်၊ အမှုဆောင်အရာရှိအဖွဲ့ဝင်တို့က၊ အလုပ်ချိန်အတွင်း စစ်ဆေးကြည့်ရှုနိုင်ခွင့်ရှိရမည်။

## အဖွဲ့ဝင်ကြေးနှင့်လစဉ်ကြေးများ။

၉။ အစည်းအရုံး အဖွဲ့ဝင်ကြေးနှင့် လစဉ်ကြေးနှုန်းများကို၊ အစည်းအရုံး အထွေထွေ [ သင်းလုံးကျွတ် ] အစည်းအဝေးကြီးတခု သတ်မှတ်ခွင့် ပြောင်းလဲနိုင်ခွင့် ရှိသည်။

## ဖွဲ့စည်းရေးနှင့် အုပ်ချုပ်ရေး။

၁၀။ (၁) အစည်းအရုံးနှင့် ပတ်သက်၍၊ လုပ်ငန်းကိစ္စဟူသမျှတို့ကို၊ တနှစ် တကြိမ် ကျင်းပသော၊ အထွေထွေ [ သင်းလုံးကျွတ် ] အစည်း အဝေးကြီးတွင်၊ နောက်ဆုံးအာဏာကုန်အဖြစ် ဆုံးဖြတ်ပြီးပြတ်စေရမည်။

၂။ အထွေထွေ [ သင်းလုံးကျွတ် ] အစည်း အဝေးကြီးတွင် ဆုံးဖြတ်ရမည့် ကိစ္စ အရပ်ရပ်များမှာ—

(က) လွန်ခဲ့သော အထွေထွေ [ သင်းလုံးကျွတ် ] အစည်းအဝေးကြီးမှတ်တမ်းများကို ဘတ်ရှုအတည်ပြုရန်။

(ခ) ဂုဏ်သူဆောင်၊ သို့မဟုတ်-ခေတ္တ အစည်းအရုံး အဖွဲ့ဝင်များကို လက်ခံရန်-ခန့်ရန်။

(ဂ) လာမည့်နှစ်, အတွက်၊ အမှုဆောင် - ကော်မီတီ လူကြီးများကို၊ ရွေးကောက်တင်မြှောက်ရန်။

(ဃ) သက်တမ်းစေ့သော၊ အမှုဆောင်-ကော်မီတီက တင်သွင်းထားသော အစီရင်ခံစာများကို၊ ဝေဖန် အတည်ပြုရန်။

(င) စာရင်းစစ်၏ အစည်းအရုံး ငွေစာရင်းအင်းအစီရင်ခံချက်ကို၊ စစ်ဆေး အရေးယူ အတည်ပြုရန်။



(စ) အစည်း အရုံး ဥပဒေ စည်းမျဉ်းများကို၊ ပြောင်းလဲခြင်း ပြင်ဆင်ခြင်း၊ နုတ်ပါယ်လိုက၊ နုတ်ပါယ်လိုက်ခြင်းပြုရန်။
(သို့သော် တက်ရောက်သော အစည်းအရုံးအဖွဲ့ဝင် အနည်းဆုံး သုံးပုံနှစ်ပုံတို့က သဘောတူကြရမည်။)

(ဆ) အစည်း အရုံး အမည်ကို၊ ပြောင်း လဲ ရန် လိုပါက ပြောင်းလဲရန်၊
(သို့သော် အားလုံးသောအစည်းအရုံး အဖွဲ့ဝင်တို့၏ အနည်းဆုံး သုံးပုံနှစ်ပုံတို့က သဘောတူကြရမည်။)

(ဇ) မည်သည့်အချားမှတ်ပုံတင်ပြီး အစည်းအရုံးနှင့်မဆို ပေါင်းစပ်လိုခဲ့သော်၊ ပေါင်းစပ် တွဲဘက်ရန်။
(သို့သော် မဲဆန္ဒ ပေးပိုင်ခွင့် ရှိသော အစည်း အရုံး အဖွဲ့ဝင်များ၏အနည်းဆုံး ဦးရေတဝက်ကို မဲဆန္ဒ ရေးမှတ်ယူပြီးလျှင်၊ ၎င်းရေးမှတ်ယူပြီး မဲဆန္ဒအနက် အနည်းဆုံးရာခိုင်နှုန်းခြောက်ဆယ်ကနာမည်ပြောင်းလဲခြင်းကို သဘောတူညီကြရမည်။

(ဈ) အရေးကြီးပြီး အဆော တလျှင် ဆောင်ရွက်ရန် လိုသော အခြားကိစ္စအရပ်ရပ်များတို့ကို ဥက္ကဋ္ဌခွင့်ပြုချက်အရ၊ စဉ်းစားဆုံးဖြတ်ရန် စသည်တို့ ဖြစ်သည်။

၁၁။ အစည်းအရုံး၏ ကိစ္စ အရပ်ရပ်တို့ကို၊ စီမံခန့်ခွဲ အုပ်ချုပ်မှုတာဝန်မှာ၊ အမှုဆောင်ကော်မီတီအပေါ်တွင် ထားရှိရမည်။

၁၂။ အမှုဆောင် အဖွဲ့ဝင် များသည်၊ အသက် တဆယ့်

ရှင်နှင့်အောက် မငယ်ရ၊ ၎င်းအဖွဲ့တွင် —

၁။ ဥက္ကဋ္ဌ။
၂။ ဒုတိယ-ဥက္ကဋ္ဌ။
၃။ အထွေထွေ အတွင်းရေးမှူး။
၄။ ဘဏ္ဍာရေးမှူး။
၅။ အခြားလိုအပ်သ၍ အမှုဆောင်များ ခန့်အပ် ပါဝင်ရမည်။

## အစည်း အဝေးများ။

၁၃။ နှစ်ပတ်လည်အထွေထွေ [သင်းလုံးကျွတ်] အစည်းအဝေးကြီးကို၊ တနှစ်လျှင် မည်သည့် .................... လထက်နောက်မကျစေဘဲကျင်းပရမည်၊အမှုဆောင်ကော်မီတီသည်၊ ထိုအထွေထွေ [သင်းလုံးကျွတ်] အစည်းအဝေးကြီးကျင်းပမည့်နေရာ၊ နေ့ရက်တို့ကို သတ်မှတ်ပေးရမည်။ အမှုဆောင်ကော်မီတီသည်၊ အခါအခွင့် အလိုက် လိုသ၍ ခဏခဏတွေ့ဆုံစည်းဝေးနိုင်သည် သို့သော် အမှုဆောင် ကော်မီတီသည်၊ အနည်းဆုံး ၆-လ တကြိမ် စည်းဝေးရမည်။

## အစည်းအဝေး ဘိတ်ကြားစာ။

၁၄။ အထွေထွေ [သင်းလုံးကျွတ်] အစည်း အဝေးကြီးကျင်းပရန်အနည်းဆုံး တလကြိုတင်၍ ဘိတ်ကြားစာပေးရန်လိုသည်။ အခြား ကော်မီတီများနှင့် အမှုဆောင် ကော်မီတီ အစည်း အဝေး အတွက် ဆိုခဲ့ သော်၊ သုံး ရက် ကြို တင် အကြောင်းကြား၍ စည်းဝေးနိုင်ခွင့်ရှိသည်။



## လူစုံညီမှု။

၁၅။ အထွေထွေ [ သင်းလုံးကျွတ် ] အစည်း အဝေး အတွက်၊ လူစုံညီမှုမှာ မဲဆန္ဒပေးခွင့်ရှိသူ အစည်းအရုံးအဖွဲ့ဝင် လူဦးရေ လေးပုံ-တပုံ တက်ရောက်မှ၊ အစည်း အဝေး အထမြောက်ရမည်။အကယ်၍လူစုံညီမှုမရရှိခဲ့ပါလျှင်သဘာပတိသည်၊ ရွှေဆက်လက်၍ သုံးရက်ထက်မနည်း ရက်ခွါပြီးလျှင်၊ အစည်းအဝေးကို ရွှေ့ဆိုင်းနိုင်သည်။ ရွှေ့ဆိုင်းသော အစည်းအဝေးတွင် လူစုံညီမှု မလိုတော့ချေ။

အမှုဆောင် ကော်မီတီနှင့် အခြား ကော်မီတီ အစည်းအဝေးအတွက်၊ အသီးသီးဦးရေ သုံးပုံ-နှစ်ပုံ လူစုံညီရမည်။ အကယ်၍ လူမစုံခဲ့ပါသော် အထွေထွေ [ သင်းလုံးကျွတ် ] အစည်းအဝေးကြီး အတွက်၊ လူစုံညီမှု မရှိခဲ့လျှင် လိုက်နာဆောင်ရွက်ရသည့်နည်းဥပဒေအတိုင်း ရွှေ့ဆိုင်းရမည်။

## ကိစ္စများ ဆုံးဖြတ်ခြင်း။

၁၆။ အစည်းအရုံး အစည်းအဝေးတွင် တင်သွင်းသော အရေးကိစ္စဟူသ၍တို့ကို တက်ရောက်သောအဖွဲ့ဝင်များက လက်ညှိုး ထောင်၍ အများ သဘောတူ ဆုံးဖြတ် ရ မည်။ သို့သော်လည်း အကယ်၍ တက်ရောက်သော အဖွဲ့ဝင် လူဦးရေ လေးပုံ-တပုံက အစည်းအဝေးတွင်၊ လိပ်ရေးသွင်းခန် (လျှို့ဝှက်၍) ဘောင်းဆိုခဲ့ပါသော် သဘာပတိက သင့်လျော်မျှတသည် ထင်သည့် နည်းဖြင့် (လျှို့ဝှက်) မဲလိပ် ရေးသွင်းပေးရမည်၊ သဘာပတိသည် အနိုင်အရှုံးမဲဆန္ဒ ပေးနိုင်ခွင့်ရှိသည်။

၁၇။ အစည်းအရုံး အဖွဲ့ဝင် လူဦးရေ စာရင်း စာအုပ် အားလုံးသော အဖွဲ့သားဦးရေ သုံးပုံ-တပုံထက်မနည်းသူက တောင်းဆို၍ဖြစ်စေ၊ အမှုဆောင်ကော်မီတီက၊ ဆုံးဖြတ်၍ ဖြစ်စေ၊ အထူးအထွေထွေ [သင်းလုံးကျွတ်] အစည်းအဝေးကြီးတခု ကျင်းပနိုင်ခွင့်ရှိသည်။

**အဖွဲ့ဝင်များ နုတ်ထွက်ခြင်းနှင့် ထုတ်ပယ်ခြင်း။**

၁၈။ အမှုဆောင် ကော်မီတီသည်၊ မည်သူမဆိုဝင်ခွင့် မပြု ငြင်းပယ်နိုင်သည်။ ၎င်းပြင်အစည်းအရုံး အကျိုးကျေးဇူးကို ဆန့်ကျင်၍ ပြုခဲ့သည် ဖြစ်စေ၊ တနည်းနည်း အားဖြင့် မလိုအပ်သော ပုဂ္ဂိုလ် တယောက် ဖြစ်ရှိနေခဲ့သည် ဖြစ်စေ၊ အဖွဲ့ဝင်တဦးအား အဖွဲ့မှထုတ်ပယ်နိုင်ရမည်။

သို့ဖြစ်လင့်ကစား အစည်းအရုံး အဖွဲ့ဝင် အဖြစ်မှ ပျက်သိမ်းရပ်စဲသော ကိစ္စအတွက် ပတ်သက်သော အစည်းအရုံး အဖွဲ့ဝင်အား၊ သူ၏ပြုမူချက်ကို ရှင်းလင်းထုချေရန် တဆယ့်ငါးရက် အချိန်ပေး၍ အကြောင်းကြားစာပြုရမည်။

၁၉။ အစည်းအရုံးအဖွဲ့ဝင် တယောက်သည်၊ ရာထူးမှ သော်၎င်း၊ အစည်းအရုံး အဖွဲ့မှသော်၎င်း၊ ထွက်လိုခဲ့သော် အစည်းအရုံးအမှုဆောင်တဦးဦးထံသို့၊ နုတ်ထွက်စာပေး ပို့လျက် နုတ်ထွက် နိုင်သည်။ သူ၏ နုတ်ထွက်စာကို လက်ခံ ကြောင်း သူ့အား အကြောင်းကြား ပြီးသည့် အချိန်တွင်၊ သူသည်-သူ၏ ရာထူးမှ၎င်း၊ အစည်းအရုံး အဖွဲ့မှ၎င်း၊ နုတ်ထွက်ပြီးဟု၍ သင့်လျော်ရာ ယူဆရမည်။

၂၀။ အဖွဲ့ဝင်တယောက်သည် သေ၍ဖြစ်စေ နုတ်ထွက် ၍ဖြစ်စေ၊ အခြား ၏အစည်းအရုံးနှင့် မပတ်သက်သော အမှု



ထမ်း-လုပ်ငန်းအလုပ်ရုံ ဝမ်းရေးမှုတို့သို့၊ ပြောင်းရွှေ့လုပ်ကိုင်ဆောင်ရွက်၍ဖြစ်စေ၊ မိမိ၏လစဉ်ကြေးကိုဆက်လက် မပေးပျက်ကွက်သည်ဖြစ်စေ၊ အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရမည်။

သို့သော်လည်း သေဆုံး၍ဖြစ်စေ၊ နုတ်ထွက်၍ ဖြစ်စေ၊ ပြောင်းရွှေ့၍ဖြစ်စေ၊ အစည်းအရုံးအဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်း ခံရသော်၊ ထိုသူ၏အမွေဆိုင်များသည်၊ ဥပဒေစည်းမျဉ်းတွင် ခွင့်ပြုထားရှိသော အခွင့်အရေးအကျိုးကျေးဇူးတို့ကို ခံစားထိုက်ခွင့် ရှိရမည်။

အကယ်၍ လစဉ်ကြေးမပေး ပျက်ကွက်မှုကြောင့် ရပ်စဲခံရသည့် ကိစ္စအတွက်မူ၊ အမှုဆောင် ကော်မီတီက သတ်မှတ်ထားသော စည်းမျဉ်းနှင့် လျော်ညီစွာ ပြန်လည်ဝင်ခွင့် ပြုရမည်။

**အဖွဲ့ဝင် အခွင့်အရေးများနှင့် ပိုင်ဆိုင်ခွင့်များ။**

၂၁။ အစည်းအရုံးအဖွဲ့ဝင် တဦးသည်၊ အဖွဲ့ဝင်တဦး အဖြစ်မှ ရပ်စဲသည့်အထိ၊ အောက်ပါပိုင်ဆိုင်ခွင့်နှင့် အခွင့် အရေးများကို ပိုင်ဆိုင်ခံစားရမည်။

(က) **အစည်းအရုံး အစည်းအဝေးတွင် မဲဆန္ဒပေးနိုင်ခွင့်** ရှိခြင်း၊ သို့သော်လည်း အစည်းအဝေး သဘာပတိ အဖြစ် ဆောင်ရွက်ရသော အစည်း အရုံး အဖွဲ့ဝင် မည်သူမဆို၊ ဒုတိယအကြိမ် အနိုင်အရှုံးမဲကိုပေး ခွင့်ရှိသည်။

(ခ) အစည်းအရုံး၏ရည်ရွယ်ချက်များအရ၊ အစည်းအရုံး အဖွဲ့ဝင် အတွက်၊ အစည်းအရုံး ထောက်ပန့်ကြေး

သဒ္ဓါကြေးနှင့်အခြားအကျိုးကျေးဇူးများကိုဝေပုံကျ ရရှိခြင်း။

(ဂ) ကုန်သွယ်မှု အစည်းအရုံးအက်ဥပဒေတွင်၊ ဖေါ်ပြပါရှိသော တရားဥပဒေဝင် ကာကွယ်မှုကိုရရှိခြင်း။

(ဃ) အစည်းအရုံးဖျက်သိမ်းသောအခါ၊ အစည်းအရုံးပိုင်ပစ္စည်းများ၊ ရံပုံငွေများ၊ ဝေခြမ်းရာတွင် ဝေပုံကျ အဖုရရှိခြင်း။

မည်သည့် အကြောင်းကြောင့် ဖြစ်စေ၊ အစည်း အရုံး အဖွဲ့ဝင် တဦးသည်၊ ရပ်စဲခြင်း ခံရလျှင်-သူ၏ပိုင်ဆိုင်ခွင့် အခွင့်အရေး စသည်တို့မှာ၊ အစည်းအရုံး အဖွဲ့ဝင် အဖြစ်မှ ရပ်စဲခံရသည့် နေ့ကစ၍ ရုပ်သိမ်းခြင်းခံရမည်။

## အမှုဆောင် သက်တမ်း။

၂၂။ အမှုဆောင် အဖွဲ့ဝင် များသည်၊ မကြာမှီကလျှင် ခန့်အပ်ထားရှိသည်ဖြစ်စေကာမူ၊ နှစ်ပတ်လည်အထွေထွေ [သင်းလုံးကျွတ်] အစည်း အဝေး ကြီးတွင်၊ ရှေ့လာမည့် နှစ်အတွက် အမှုဆောင်ကော်မီတီအသစ်ကို ရွေးကောက်တင်မြှောက် လိုက်သည်နှင့်တပြိုင်နက် သက်တမ်းကုန်ဆုံးရမည်။

ရှေ့လာမည့် သက်တမ်းအတွက်၊ ပြန်လည်ရွေးကောက်တင်မြှောက်ရန်၊ နုတ်ထွက်သွားသော အမှုဆောင်ဟောင်းတို့ကလည်း၊ ပြန်လည်အရွေးခံနိုင်ခွင့် ရှိရမည်။

## အမှုဆောင် ကော်မီတီ အဖွဲ့ဝင်များ ထုတ်ပယ်ခြင်း။

၃၂။ အမှုဆောင်ကော်မီတီအဖွဲ့ဝင်တဦးအား အစည်းအရုံးအကျိုးကျေးဇူးကိုဆန့်ကျင်စွာပြုကျင့်သောကြောင့်၎င်း အနည်းနည်းအားဖြင့် မလိုအပ်သော ပုဂ္ဂိုလ်တယောက်ဖြစ်ရှိနေသောကြောင့်၎င်း၊ အမှုဆောင်ကော်မီတီအဖွဲ့ဝင်ဦးရေ အများသဘောတူလျှင် ထုတ်ပယ်ရမည်။



## တံဆိပ်။

၂၄။ အစည်းအရုံးသည် မှတ်ပုံတင်ထားသောအမည်အားဖြင့် တရားဝင် အဖွဲ့တခု ဖြစ်သည့် အပြင်၊ ထာဝစဉ်ဆက်လက် ခံစားပိုင်ခွင့် ဇင်္ဂမ-အဇင်္ဂမ ပစ္စည်းတို့ကို၊ အာဏာနှင့်တကွ ပိုင်ဆိုင်ခါ အဖွဲ့တံဆိပ်ထားရှိခွင့်၊ ၎င်းပြင်ကံထရိုက်ဌါးရမ်းနိုင်ခွင့်၊ ထိုအဖွဲ့အမည်နှင့် တရားစွဲဆိုခြင်း တရားစွဲဆို ခံရခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခွင့် ရှိရမည်။

၂၅။ အထွေထွေ အတွင်းရေးမှူးအား၊ အဖွဲ့ တံဆိပ်ကို လုံခြုံစွာ သိမ်းဆည်း ရန် နှင့်၊ သင့် လျော် စွာ အ သုံး ချ ရန် တာဝန်ခံ ထားရမည်။

## ဘဏ္ဍာရေး။

၂၆(၁) အစည်းအရုံး ဝင်ငွေ - ထွက်ငွေ စာရင်း တို့ကို၊ အစည်း အရုံး ဘဏ္ဍာရေးမှူးက၊ စီစဉ် ပြုလုပ်ရန် တာဝန်ယူလျက်၊ အစည်းအရုံးမှ အမှုဆောင်အရာရှိဖြစ်စေ၊သာမန်အဖွဲ့ဝင်ဖြစ်စေ၊ စစ်ဆေးကြည့်ရှုလို၍ နှစ်ရက်ကြိုတင် အကြောင်းကြားပြီး၊ ရက် ကုန်ဆုံးသောအခါ၊ အလုပ်ချိန်အတွင်း လာရောက်ကြည့်ရှုစစ်ဆေးခြင်းကို ခွင့်ပြုရမည်။

၂။ ကုန်သွယ်မှု အက်ဥပဒေတွင်၊ ညွှန်ပြ ထားသည့် အတိုင်း၊ သမဂ္ဂ ဘဏ္ဍာ ရေး မှူး သည် အဖွဲ့ ပိုင်

ပစ္စည်းနှင့်၊ ကြွေးမြီ ပေါ်ပြသည့်စာရင်း၊ အာမခံ ပစ္စည်းစာရင်းနှင့် (ထားရှိခဲ့ပါသော်) နှစ်ပတ်လည် ရှင်းတမ်းတို့ကို စီစဉ်ပြုလုပ်ထားရှိရမည်။

၃။ အစည်းအရုံး ရံပုံငွေကို၊ အစည်းအရုံး အမည်ဖြင့် အစည်းအရုံးအထွေထွေ [သင်းလုံးကျွတ်] အစည်း အဝေးကြီးက၊သဘောတူဆုံးဖြတ်လိုက်သောဘဏ် များတွင်ဖြစ်စေ အပ်နှံထားရှိရမည်။ ၎င်းမှထုတ်ငွေ တို့ကို အမှုဆောင်ကော်မီတီက ညွှန်ကြားထားသော နည်းစံနစ်အရ၊ ဥက္ကဋ္ဌ၊အထွေထွေအတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့အနက်၊ အနည်းဆုံးနှစ်ယောက်က လက်မှတ်ရေးထိုး ထုတ်ယူခွင့် ရှိရမည်။

၄။ အစည်းအရုံး ရံပုံငွေကို အောက်ဖေါ်ပြပါ အရေး ကိစ္စများအနက်၊ တခုအတွက် ဖြစ်စေ၊ အားလုံး အတွက်ဖြစ်စေ၊ အသုံးပြုခွင့်ရှိရမည်။

(က) အစည်းအရုံး အမှုဆောင် များ အတွက်၊ လစာ ထောက်ပံ့ရေးနှင့်၊ ၎င်းတို့ သက်သာ ချောင်ချိရေး ကုန်ကျငွေ အတွက်၎င်း။

(ခ) ကူးသန်းရောင်းဝယ်မှု အစည်း အရုံး အထွေထွေ ရံပုံငွေစာရင်း ရှင်းခနှင့်တကွ၊ ကုန်သွယ်မှု အစည်း အရုံးအုပ်ချုပ်ရေးအတွက် ကုန်ကျငွေအတွက်၎င်း။

(ဂ) အစည်းအရုံးအတွက်ဖြစ်စေ၊ အစည်းအရုံး အဖွဲ့ဝင် တဦးဦး အတွက် ဖြစ်စေ၊ တရား ဥပဒေ စွဲဆိုခြင်း၊ ချေပခြင်း၊ ထိုသို့တရားစွဲဆိုချေပရာတွင်၊ အစည်း



အရုံးဝင်တဦးနှင့် အလုပ်ရှင် ပတ်သက်၍သော်၎င်း၊ အဖွဲ့ဝင်က အကြောင်းပြု လုပ်ကိုင်စေ၍၊ လုပ်ကိုင် ပေးရ သူနှင့် ပတ် သက်၍ သော် ၎င်း၊ ကုန်သွယ်မှု အစည်းအရုံး အကျိုး ကျေးဇူးကို ကာကွယ်ရလို့မှု အတွက် ကုန်ကျငွေ အတွက်၎င်း။

(ဃ) အစည်းအရုံး သို့မဟုတ် အစည်းအရုံးဝင်အတွက် ကုန်သွယ်မှု ပဋိပက္ခများကို ဆောင်ရွက်ရာတွင်ကုန် ကျငွေ အတွက်၎င်း။

(င) ဝါဏ်ဇ္ဇ ပဋိ ပက္ခ ကိစ္စမှ ပေါ်ပေါက် လာ သ ဖြင့်၊ အစည်းအရုံးအဖွဲ့ဝင်များက လျော်ကြေး ပေးရန် ကြေးငွေအတွက်၎င်း။

(စ) အစည်းအရုံးအဖွဲ့ဝင် သို့မဟုတ် ၎င်း၏မှီခိုအားထား သူများတို့ သေဆုံး၍ဖြစ်စေ၊ အိုမင်းမစွမ်း၍ဖြစ်စေ၊ နာဖျား၍ဖြင်စေ၊ မတော်တဆ ထိ ခိုက်၍ ဖြစ်စေ၊ အလုပ်လက်မဲ့၍ ဖြင်စေ၊ ပေးလျော် ထောက်ပံ့ရန် ငွေအတွက်၎င်း။

(ဆ) အစည်း အရုံးဝင်များ အတွက် အသက် အာ မ ခံ သို့မဟုတ် နာဖျားရေး၊ မတော် တဆ ထိခိုက် ရေး၊ အလုပ် လက်မဲ့ ဖြစ်ရေးတို့ အတွက်၊ သက်ကြေး၊ သို့မဟုတ် တာ ဝ န် ခံ လျော် ကြေး ကြွေး မြီ များ အတွက်၎င်း။

(ဇ) အစည်းအရုံးဝင်များအတွက်၊ ဘာသာ၊သာသနာ ပညာရေး အကျိုးကျေးဇူးရှိရန်နှင့်၊ သေဆုံးသူအား

ရည်ရွယ်၍၊ သာမှု-နာမှု ကုန်ကျရေးငွေအတွက်ငှင်း။

(ဈ) အလုပ်ရှင်နှင့် အလုပ်သမားအရေး ဝေဘန်၍ အချိန်မှန်မှန်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင် ထုတ်ဝေသောငွေအတွက်ငှင်း။

(ည) ရုံပုံငွေသုံးအပ်သောရည်ရွယ်ချက်တို့ကိုအထမြောက်အောင်၊ လုပ်ကိုင်ဆောင်ရွက်ရန် အများအလုပ်သားအကျိုးမျှော်ကိုး၍ ကူညီထောက်ပံ့သည့်ငွေအတွက်ငှင်း၊ သို့သော်-တနှစ်အဘို့ နှစ်ဦးလက်ကျန်ရုံပုံငွေနှင့် တနှစ်အတွင်း ဝင်ငွေတို့ကို ရပေါင်းပြီးငွေ၏ လေးပုံတပုံထက် ပိုလွန်၍ ကူညီ ထောက် ပံ့ခြင်း မပြုရ။

(ဋ) ဂေဇက်တွင် ဘုရင်ခံက ကြေငြာပြီးလျှင် ရည်ရွယ်ချက် တခုခုကို ချွင်းချက် ပြုခဲ့ပါလျှင်၊ ထိုအတိုင်း ညီညွတ်စွာ လိုက်နာရမည်။

၅။ ဘဏ္ဍာရေးမှူးသည်၊အမှုဆောင်ကော်မီကီ၏သာမန်အစည်းအဝေးတွင် ဘဏ်ငွေစာရင်းကို စစ်ဆေးရန် တင်ပြရမည့်အပြင်၊ ဥက္ကဋ္ဌ၊ သို့မဟုတ် ဥက္ကဋ္ဌအနေ ဆောင်ရွက်သူက၊ တင်ပြသိရှိကြောင်း လက်မှတ် ရေးမှတ်ထားရမည်။

၆။ စာရင်းတို့ကို ၁၉၂၇-ခုနှစ်၊ ဗမာပြည်ကုန်သွယ်မှု အစည်းအရုံး၊ နည်းဥပဒေ ပုဒ်မ-၁၃၊ ၁၅၊ ၁၆-နှင့်၊ ၁၇-အရ၊ ဥပဒေနှင့် ညီညွတ်စွာ တနှစ်တကြိမ် နှစ်ပတ်လည်အထွေထွေ



[သင်းလုံးကျွတ်] အစည်းအဝေးကြီးတွင်၊ တင်သွင်းအဘည်ပြုနိုင်ရန် အဆင်သင့် စစ်ဆေး ထားပြီး ရှိရမည်။

## နိုင်ငံရေး ရုံပုံငွေ။

၂၇ (၁) အဖွဲ့ဝင်များ၏ ပြည်သူ့တာဝန်အရေးနိုင်ငံအုပ်ချုပ်မှုအခွင့်အရေးများတိုးတက်ရရှိစေခြင်းငှါ၊အမှုထမ်းလုပ်ငန်း၊ အလုပ်ရုံ၊ ဝန်းရေးမှုတွင် ကိုယ်တိုင်ပါဝင် လုပ်ကိုင်နေသည့် အဖွဲ့ဝင်အားလုံးတို့၏ ဦးရေတဝက်က သဘောကိုက်ညီခဲ့ပါသော်၊ အောက်ပါကိစ္စများအတွက် အထွေထွေ [သင်းလုံးကျွတ်] အစည်းအဝေးကြီးတွင် ဆုံးဖြတ်၍သီးသန့်ရုံပုံငွေ ဖွင့်လှစ်ထားခွင့် ရှိသည်။

၂(က) ဥပဒေလွှတ်တော် အမတ်ဖြစ်ရန် သော်ငှင်း၊ တခုခုသော နေသန္တရ အဖွဲ့ဝင် ဖြစ်ရန်သော်ငှင်း၊ အရွေးခံသောအမတ်လောင်း၊ သို့မဟုတ် အမတ်လုပ်မည့်သူအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ရွေးကောက်ပွဲအတွက်၊ သို့မဟုတ် အရွေး ခံခြင်းအတွက်ငှင်း၊ ကုန်ကျငွေတို့ကိုပေးဆောင်ခြင်းငှါငှင်း

(ခ) ထိုအရွေးခံရသူ-အရွေးခံမည့်သူကို၊ထောက်ပံ့ကူညီရန်အတွက်စာတမ်းရိုက်နှိပ်ထုတ်ဝေရန်၊ သို့မဟုတ် အစည်းအဝေး ကျင်းပရန်၊ ကုန်ကျငွေတို့ကို ပေးဆောင်ခြင်းငှါငှင်း။

(ဂ) ဥပဒေ လွှတ် တော် သို့မဟုတ် ဒေသန္တရ အဖွဲ့ဝင် တဦးအဖြစ် ရှိနေစဉ် ထောက်ပံ့ရန် ငွေပေးဆောင်ခြင်းငှါရင်း။

(ဃ) ဥပဒေလွှတ်တော်သို့၊ သို့မဟုတ် ဒေသန္တရ အဖွဲ့ တခုခုသို့ အရွေးခံရန် ရွေးကောက်ခံခြင်း၊ မဲဆန္ဒရှင် စာရင်း ကောက်ခံခြင်း အတွက်၊ ကုန်ကျငွေ တို့ကို ပေးဆောင်ခြင်းငှါရင်း။

(င) မည်သည့်နိုင်ငံရေးစာစောင်၊ စာအုပ်စာတမ်းအချပ်ချပ်တို့ကို၊ ရိုက်နှိပ်ဝေငှခြင်းနှင့် တိုင်းပြည် နိုင်ငံရေး အစည်းအဝေးများအတွက် ကုန်ကျငွေတို့ကို၊ ပေးဆောင်ခြင်းငှါရင်း။

၃။ အထက်ပါဒုတိယအပိုဒ် ၁-အရ၊ ဖွဲ့စည်းထားသော ရံပုံငွေသို့ အတင်းအကြပ်ထည့်သွင်းစေရန် မတိုက်တွန်းရ၊ ထိုသို့မပါဝင်သည့် အတွက်လည်း အစည်းအရုံးအကျိုးကျေးဇူးများမှ ညှင်းပါယ်ခြင်းမရှိစေရ၊ အခြား အဖွဲ့ဝင် များနှင့် နှိုင်းယှဉ်၍ ဘယ်နည်းဖြင့်ဖြစ်စေ၊ တိုက်ရိုက်သော်၎င်း၊ သွယ်ဝိုက်၍သော်၎င်း၊ ဤရံပုံငွေကို မပါဝင်သည့်အတွက်၊ နှိပ်ကွပ်ဖိထားခြင်းမရှိစေရ၊ (ထိုရံပုံငွေစီမံအုပ်ချုပ်မှုမှလွဲ၍) ဤအစည်းအရုံးဝင်လျှင်၊ ဤရံပုံငွေကိုလည်းထည့်သွင်းပါဝင် ပါ ရ မည် ဟူ၍ လည်း၊ စည်းမျဉ်း မပြုလုပ်ထားရ။



## အစည်းအရုံးခွဲများ။

၂၀။ အစည်းအရုံးခွဲများကို၊ တည်ထောင်ဖွဲ့စည်း၍ ဤအစည်းအရုံးသို့ဆက်သွယ်နိုင်သည်သို့ဆက်သွယ်ခဲ့သော် အစည်းအရုံး အမှုဆောင် ကော်မီတီက၊ ဤနည်းဥပဒေနှင့် လျော်စွာ စီမံအုပ်ချုပ်ရပေမည်။ အစည်းအရုံးခွဲ တခုသည်၊ မိမိ၏ သီးသန့်ရံပုံငွေဖွင့်လှစ်နိုင်ခွင့်ရှိပြီး ဤဥပဒေစည်းမျဉ်းအရသာလျှင် အုပ်ချုပ်သုံးစွဲရမည်၊ ကုန်သွယ်မှု အက်ဥပဒေတွင်၊ လိုသမျှ စည်းကမ်းချက်တို့ ကို လည်း လိုက် လျောညီညွတ်စေရမည်။ အစည်းအရုံးအမှုဆောင် ကော်မီတီက သတ်မှတ်သည့် အတိုင်း အစည်းအရုံး ဗဟို ရံပုံငွေများသို့ ဆက်ကြေး ပေးဆောင်ရမည်။

## အခွင့်အရေးတောင်းဆိုခြင်း။

၂၁။ အလုပ်သမား အခွင့်အရေး အကျိုး ကျေးဇူးနှင့် ပတ်သက်၍ ရည်ရွယ်ချက်များအတိုင်း၊ အခွင့်အရေးများ တောင်းဆိုရာတွင်၊ ပဌမဦးစွာ အလုပ်ရှင်ထံသို့ စာဖြင့်၊ အစည်းအရုံး၏၊ လိုလား ချက် တို့ကို၊ ရက် ကန့် သတ် ၍ အကြောင်းကြား တောင်းဆိုရမည်။

ထိုနောက် အကယ်၍ အလုပ် ရှင်က၊ မပြန် မကြား နေခဲ့သော်၊ အလုပ်ရှင်နှင့် အလုပ်သမား ကိုယ်စားလှယ် ပေါင်းပုံ ခုံအဖွဲ့ ဖွဲ့ပြီးရှိခဲ့လျှင်၊ ထိုခုံတွင်တင်သွင်းဆုံးဖြတ်ရစေမည်။

ထိုခုံတွင်လည်း မပြီးပြတ်ရှိခဲ့သော် မိမိ တို့ ၏ လိုလား ချက်ကို၊ အစိုးရထံသို့ ဝါဒဗွ ပဋိပက္ခ အက်ဥပဒေ အရ

အရေးယူဆုံးဖြတ်ရန်၊ အထောက် အထား များနှင့် တကွ လျှောက်ထား တောင်းဆိုရမည်။

ထိုသို့ အစိုးရထံသို့ လျှောက်ထား တောင်း ဆို သော အခါ၊ အထွေထွေ [သင်းလုံးကျွတ်] အစည်းအဝေးကြီးတွင် တင်သွင်း ဆုံးဖြတ်ပြီး ဖြစ်စေရမည်။

## ဖျက်သိမ်းခြင်း။

၃၀။ အထူး သီး ခြား ဘိတ်ကြားခေါ်လျှက်၊ ကျင်းပ သော၊ အထူးအထွေထွေ [သင်းလုံးကျွတ်] အစည်းအဝေး ကြီးတွင်၊ တက်ရောက်သော အစည်းအရုံးဝင်ဦးရေ ငါးပုံ လေးပုံတို့က၊ သဘောမကြိုက်ညီလျှင်၊ ဤအစည်းအရုံးကို ဖျက်သိမ်းခြင်းမပြုနိုင်၊ ဖျက်သိမ်းရသောအခါ၊ အစည်းအရုံး ရံပုံငွေကို၊ အစည်းအရုံးအဖွဲ့ဝင်အဖြစ် လစဉ်ကြေးအတွက် ပေးဆောင်လာသမျှ အချိုး အစား အတိုင်း ဖျက်သိမ်းစဉ် ကျန်ရှိသော အစည်းအရုံး အဖွဲ့ဝင်အပေါင်းအားသာလျှင်၊ ပေးဝေရမည်၊ ထိုသို့ဖျက်သိမ်းပြီးကြောင်းကိုအစည်းအရုံး အဖွဲ့ဝင် ခုနစ်ယောက်နှင့် အထွေထွေ အတွင်းရေးမှူး တို့က၊ လက်မှတ်ရေးထိုးပြီးဖျက်သိမ်းသည့်နေ့ခံ တစ်ဆယ့်လေးရက် အတွင်း။ ဗမာပြည်ကုန်သွယ်မှုအစည်းအရုံးများ မှတ်ပုံတင် ရုံး၊ မှတ်ပုံတင် မင်းကြီးထံသို့ အသိအမှတ်ပြုရန်၊ အကြောင်း ကြားရမည်၊ ထိုသို့အသိအမှတ်ပြုသည့်နေ့ကစ၍ဖျက်သိမ်း မှုမှာ အထမြောက်ရမည်။



# ပုံစံ (က)

သို့၊

**အထွေထွေ အတွင်းရေးမှူး။**

.................................... အလုပ်သမား အစည်း အရုံး။

နေ့စွဲ........................၁၉

**အဆွေတော်ခင်များ။**

အစည်းအရုံး၏ဥပဒေစည်းမျဉ်းများကို၊ ဘတ်ရှုနားလည်ပြီးဖြစ်ပါ၍ ဤအစည်းအရုံး၏သာမန်အဖွဲ့ဝင်အဖြစ်လျှောက်ထားရန်လိုလားလျှက်ရှိနေပါသည်၊ ကျွန်တော်သည်အစည်းအရုံး၏ဥပဒေစည်းမျဉ်းတို့ကိုလိုက်နာရိုသေရန်တာဝန်ယူပါ၏ ထို့အပြင်သတ်မှတ်ထားသည့်အစည်းအရုံးအဖွဲ့ဝင်ကြေးကို ချက်ခြင်းပေးရန်နှင့် အခြားကြေးများကိုလည်း၊ အချိန်မှန်မှန် ပေးသင့်ချိန်တွင် ပေးဆောင်ရန် သဘောတူပါ၏။

ကျွန်တော်၏အသက်မှာ..................နှစ်ဖြစ်ပါသည်။

နေရပ်လိပ်။ သင်၏။

..............................................

..............................................

## ပုံစံ (ခ)

ဖြတ်ပိုင်း အမှတ် ...................... နေ့စွဲ ၁၉ ........... ခု၊ ........................................လ............ရက်၊ ..............................

အတွက်ငွေ.... ..... ..... ..... .... ကို၊.............................................

ထံမှ၊ ကျေးဇူးတင်လွှာနှင့် လက်ခံ ရရှိပါကြောင်း။

ဘဏ္ဍာရေးမှူး။ လက်ခံသူ။

.................................................................................................

## ပုံစံ (ဂ)

### အစည်းအရုံးဝင် သက်သေခံစာ။

..................................................

..................................................

ဤ...... ...... ...... နှစ်၊ ...... ... ....... ....... ...... လ...... ...... ရက်တွင် ...... ...... .... ............... နေ့၊ .... ...... ..... ...... ..... ...... အလုပ်အကိုင် အသက် ...... နှစ်ရှိ၊ .... ..... ..... ..... ..... ..... ..... ..... ..... အား၊ ဤ.......... ...................... ......အစည်းအရုံး အသင်းဝင် တဦး ဖြစ်ကြောင်း ထောက်ခံချက် ပြုလိုက်ပါသည်။

တံဆိပ်။ ဥက္ကဋ္ဌ၊

...............................................အစည်းအရုံး။

ငွေပဒေသာ
ပုံနှိပ်တိုက်